ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်၊ ကြာသပတေးနေ့၊ (24-3-2005) (၄၅၄၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်မိသားစုများက ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန် မတ် ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တပ်မတော်ခမ္မာရုံ၌ ကျင်းပသည်။

တက်ရောက်

ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✧

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ပြည်သူလူထုအတွင်းက ပေါက်ဖွားလာတဲ့တပ်မတော်

ပြည်သူလူထုရဲ့ဘဝ မြင့်မားလာဖို့ ပြည်သူ့အကျိုးစီးပွားကို ထမ်းဆောင်တယ် ဆိုတဲ့နေရာမှာ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေပါ အကျုံးဝင်တယ်။ ဒါတွေဟာ မျိုးချစ်တပ်မတော်ရဲ့ အနှစ်သာရတာဝန်လို့ပဲ ဆိုရမယ်။ ဒါကြောင့် တပ်မတော်ဟာ ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုနေရမယ်၊ ပြည်သူလူထုတစ်ရပ်လုံးကို အလုပ်အကျွေးပြုနေရမယ်၊ ပြည်သူလူထုအတွင်းက ပေါက်ဖွားလာတဲ့ ငါတို့တပ်မတော်ဟာ ပြည်သူလူထုအတွက်ပဲ ဖြစ်ရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ် (၅၀)ပြည့် ရွှေရတုတပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၄-၃-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ရာသီခါကောင်းတပေါင်းလပြည့်နေ့ ဒါန၊ သီလ၊ ဘာဝနာ ပွားများအားထုတ်

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ထူးမြတ်သည့်တပေါင်းလပြည့် အခါသမယနေ့ဖြစ်သည်။

တပေါင်းလသည် ဆောင်းအကုန် နွေအကူး နွေဦးအစလဖြစ်၍ ဆောင်းနှင့်နွေ နှစ်ထွေအလှတို့ ရောနှောလျက်ရှိသည်။ နေ့ဘက်တွင် ပူ၍ ညဘက်တွင် ချမ်းအေးသောလဖြစ်သည်။

မြောက်ပြန်လေကြွင်းနှင့် ဆီးနှင်းတို့ မကုန်တတ်သေးဘဲ မင်းလွင်မြူခိုးတို့ ရစ်သိုင်းစပြုနေသည့် နွေဦးကာလ တပေါင်းလ အခါသမယသည် သာယာကြည်နူးဖွယ် ကောင်းလှသည်။

တပေါင်းလတွင် ရာသီပန်းအနေဖြင့် အင်ကြင်းပန်းနှင့် သရဖီပန်းတို့ပွင့်ကြသည်။ တပေါင်းလသည် မိန်ရာသီဖြစ်ပြီး မိန်ရာသီ၏ အရုပ်မှာ ငါးနှစ်ကောင်ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု ပြာသိုလပြည့်နေ့မှ တပေါင်းလပြည့်နေ့အထိ ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးတော်မူပြီးနောက် ကာဠုဒါယီအမတ်ကြီး၏ ဂါထာ ၆၀ ဖြင့် ပင့်လျှောက်ချက်အရ ဥဩင်္ကသံ၊ လင်းပြာသံတို့ဖြင့် သာယာကြည်နူးဖွယ်ကောင်းသော ခါနွေဆန်းစ တပေါင်းလတွင် ခမည်းတော်ရှိရာ ကပိလဝတ်ပြည်သို့ ကြွချီတော်မူခဲ့သည်။

တပေါင်းလ၏ ရာသီပွဲတော်မှာ သဲပုံစေတီပွဲတော်ဖြစ်သည်။ တပေါင်းလတွင် သဲသောင်ပြင်များ ဖြစ်ထွန်းနေမှုကြောင့် သဲများကို စုပုံ၍ စေတီအသွင်ပြုကာ သဗ္ဗညုတမြတ်စွာဘုရားအား ရည်မှတ်ထားပြီး ပူဇော်ပွဲများ ကျင်းပကြခြင်းဖြစ်သည်။

တပေါင်းလတွင် သဲပုံစေတီပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ အင်းဝခေတ် စာဆိုဦးအောင်ကြီးက **ပြည့်ဝအညီ၊ မိန်ရာသီဟု၊ သရဖီပိတောက်၊ ခက်ညှောက်ညွှန့်ညောင်း၊ ဝတ်မှုံလောင်းသည့်၊ တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူလွလွသောင်ပြင်၊ ငှက်ပေါင်းရှင်ရာ၊ သဘင်အညီ၊ ပွဲစေတီဟု၊ မြောက်ချီရှင်ပ၊ လှူဒါန်းကြလျက်** ဟူ၍ ကဗျာဖွဲ့ကာ မှတ်တမ်းပြုခဲ့သည်။

ယခုအခါ သဲပုံစေတီပွဲမှာ မှေးမှိန်ကွယ်ပျောက်လုမတတ် ဖြစ်နေသော်လည်း ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားရာ မြန်မာနိုင်ငံတွင် အလှူရေစက်လက်နှင့်မကွာ ကုသိုလ်ကောင်းမှု ဒါနပြု၍ ဘုရားကျောင်းကန်များသို့ သွားရောက်ကာ ဒါန၊ သီလ၊ ဘာဝနာ ဆောက်တည်ပွားများလျက်ရှိကြသည်။

ဘုရားရှင်၏ လက်ထက်တော်ကစ၍ ရှေးသာသနာပြု မင်းကောင်းမင်းမြတ်တို့၏ ထုံးတမ်းစဉ်လာရှိခဲ့သည်နှင့်အညီ နိုင်ငံတော်အစိုးရက ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်သဖြင့် တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ သာသနာတော်မြတ်ကြီးအား ထူးထူးကဲကဲ ချီးမြှောက် ထောက်ပံ့လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓသာသနာတော်မြတ်ကြီးတွင် ပရိယတ်၊ ပဋိပတ်တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိကြသည့် ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်တော် လောင်းလှူခြင်းတို့ကို ထူးမြတ်သည့် တပေါင်းလအခါသမယတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အနေဖြင့် ချိန်ခါရာသီကောင်းမွန် ထူးမြတ်သည့် တပေါင်းလပြည့် အခါသမယနေ့တွင် ဘုရား၊ ပုထိုး၊ စေတီများ၌ ကုသိုလ်ကောင်းမှုပြုရင်း ဒါန၊ သီလ၊ ဘာဝနာ တရားများပွားများ အားထုတ်ခြင်းဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ ရရှိနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။
၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၅ ခုနှစ် အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တ ပညာသင်တန်းဖွင့်ပွဲတွင် ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (မီးရထား)

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၃

ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော ၂၀၀၅ ခုနှစ် အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်၌ ကျင်းပရာ ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တိုင်း၊ ခရိုင်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာစကား ပြောကြား၍ ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်းက အမှာစကား ဆက်လက်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က တက်ရောက်လာသူများနှင့် ဆရာ၊ ဆရာမများ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ဖွင့်လှစ်

အဆိုပါ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းမှ ကြီးမှူးဖွင့်လှစ်သော အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းများကို ယခုမတ်လအတွင်း၌ နေရာ ၂၀၇၄ နေရာတွင် သင်တန်းသား၊ သင်တန်းသူ ၁၂၅၂၈၀ ဦးဖြင့် ပထမ အသုတ်အဖြစ် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး မေလအတွင်း၌လည်း နေရာ ၅၁၂ နေရာတွင် သင်တန်းသား၊ သင်တန်းသူ ၁၂၃၈၉၈ ဦးဖြင့် ဒုတိယ အသုတ်အဖြစ် ဆက်လက် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မြောက်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် အလင်းရောင်စာကြည့်တိုက်အား ဖေဖော်ဝါရီ ၂၈ ရက်က မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအုန်းမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ရီရီရှိန်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးကြွယ်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၂၃

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ ဂုဏ်ပြုပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို မတ် ၂၆ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးလေးပါးတို့အား ဂုဏ်ဝိသိဋ္ဌ ပူဇော်ပြီး ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်ခြောက်ဦးတို့အား ထပ်ဆင့်ဂုဏ်ပြုကာ ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်မည် ဖြစ်သည်။

(က-ပ)

✧ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ် ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရ အဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ရန်ကုန်မြို့တော်ဝန်၊တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ငါးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရထံမှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ပရိက္ခရာပစ္စည်းများဆက်ကပ်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တ ကုမာရအား သင်္ကန်း၊ သပိတ် အစရှိသော ပရိက္ခရာလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသအား သင်္ကန်း၊ သပိတ်အစရှိသော ပရိက္ခရာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသအား လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ထားဝယ်မြို့ ဃောသိတာရာမတိုက် ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသအားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သောဘဏအားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် ဘဒ္ဒန္တ အဂ္ဂိယအား လည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်း ဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသက

စာမျက်နှာ ၅ ကော်လံ ၁ သို့ ⇨

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



တရုတ်နိုင်ငံရှိ ယန်စီမြစ်ပေါ်တွင် တည်ဆောက်ထားသည့် မြစ်ကျဉ်း သုံးသွယ် တာတမံကြီး၏ တစ်စိတ် တစ်ဒေသကို မတ် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေး အတွင်းရေးမှူးချုပ် ကိုဖီအာနန် တိုက်တွန်း

ကုလသမဂ္ဂ မတ် ၂၂

ကုလသမဂ္ဂအဖွဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်၏ တစ်စိတ်တစ်ဒေသအရ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တိုးချဲ့ဖွဲ့စည်းရန်နှင့် လူ့အခွင့်ရေးကော်မရှင်ကို ဖျက်သိမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္လာနေ့တွင် တိုက်တွန်းလိုက်သည်။

အီရတ်နိုင်ငံအား အမေရိကန် ဦးဆောင်သော တပ်ဖွဲ့က ၂၀၀၃ ခုနှစ် မတ်လတွင် ကျူးကျော်တိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်နှင့် ပတ်သက်၍ ကိုဖီအာနန်က ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားလိုက်သည်။ နိုင်ငံတကာ ပြဿနာရပ်များကို စစ်ရေးအင်အား သုံး၍ ဖြေရှင်းရာတွင် မည်သည့်အချိန် အခါမျိုး၌ စစ်အင်အား သုံးသင့်သည် ဆိုသောအချက်ကိုလည်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဥပဒေ စည်းမျဉ်းများ ရေးဆွဲရန် အာနန်က တိုက်တွန်းလိုက်သည်။

သို့ရာတွင် စစ်အင်အား သုံးစွဲရေး ကိစ္စနှင့် ပတ်သက်၍လည်းကောင်း အဖွဲ့ဝင် ၁၅ နိုင်ငံပါရှိသည့် လုံခြုံရေးကောင်စီ တိုးချဲ့ရေးကိစ္စနှင့် ပတ်သက်၍ လည်းကောင်း ကိုဖီအာနန်က တစ်စုံ တစ်ရာ အကြံပြုပြောဆိုခြင်းမပြုဘဲ ယင်း ကိစ္စရပ်များကို ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကသာ ဆွေးနွေး ဖြေရှင်းရန် လိုအပ်ပုံကို ၎င်းက ထောက်ပြသည်။

စက်တင်ဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂ ထိပ်သီးညီလာခံသို့ တက်ရောက်လာသော ကမ္ဘာ့ခေါင်းဆောင် များက လည်းကောင်း၊ ယင်းနောက် တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံက လည်းကောင်း ကုလသမဂ္ဂ ပြုပြင် ပြောင်းလဲရေး ကိစ္စရပ်များကို အတည်ပြု ချမှတ်သင့်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

တရုတ်က နီပေါကို အပ်ချုပ်စက်များ လက်ဆောင်ပေး

ခတ္တမန္ဒူ မတ် ၂၂

တရုတ်နိုင်ငံလုံးဆိုင်ရာ အမျိုးသမီး အဖွဲ့ချုပ်သည် သောကြာနေ့က နီပေါ တပ်မတော် အမျိုးသမီးရေးရာ အသင်း ကို လက်ဆောင်အဖြစ် အပ်ချုပ်စက် အလုံး ၆၀ ပေးအပ်လိုက်ကြောင်း သတင်း တစ်ရပ်တွင် ဖော်ပြသည်။

နီပေါနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၏ ဇနီး ဝမ်လမ်ပင်းက အသင်းဥက္ကဋ္ဌ ကမာလာသာပါအား အပ်ချုပ်စက်များ လွှဲအပ်ပေးသည်။ ယင်းအပ်ချုပ်စက် များကို အသင်းက ဆောင်ရွက်လျက်ရှိ သော လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အစီအစဉ်များတွင် အသုံးပြုမည် ဖြစ် သည်။ ယင်းအစီအစဉ်များအရ ပို့ချ သော သင်တန်းများသို့ သင်တန်းသား ၁၃၂ ဦး တက်ရောက်ခဲ့ပြီး ဖြစ်သည်။ လောလောဆယ်တွင် သင်တန်းသား ၂၅ ဦး တက်ရောက်လျက်ရှိသည်။

ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်း သည် နှစ်နိုင်ငံအကြား တည်ရှိနေသော ဆက်ဆံရေးကို တိုးမြှင့်ပေးနိုင်မည်ဖြစ် ကြောင်း ဝမ်ကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရေနွေးကြမ်းတွင်ပါဝင်သော ဓာတုဗေဒပစ္စည်း ကင်ဆာကလာပ်စည်းတိုးပွားမှုကို ထိန်းချုပ်နိုင်

လန်ဒန် မတ် ၂၂

ရေနွေးကြမ်း သောက်သုံးမှုသည် ကျန်းမာရေးအရ အကျိုးများကြောင်း ဆက်စပ်တွေ့ရှိရသည်ဟု အင်တာနက် သတင်းတွင် ဖော်ပြထားသည်။

ရေနွေးကြမ်းတွင် ပါဝင်သော ဓာတ်ပစ္စည်းတစ်မျိုးသည် ကင်ဆာ တိုက်ဖျက်ရေး ဆေးဝါးသစ်များ တီထွင်ဖော်ထုတ်ရာတွင် အထောက် အကူ ဖြစ်စေမည်ဖြစ်ကြောင်း သိပ္ပံ ပညာရှင် သုတေသီများက ပြောကြား သည်။ လက်ဖက်ခြောက်မှ ပိုလီဖင် နောလ်ဓာတ်တစ်မျိုးဖြစ်သည့် အီးဂျီစီဂျီ သည် ကင်ဆာကလာပ်စည်း တိုးပွားမှု ကို ထိန်းချုပ်ဟန့်တားနိုင်ကြောင်း ယူကေနှင့် စပိန်နိုင်ငံမှ သုတေသီများ၏ စမ်းသပ်မှုများအရ သိရသည်။

ကင်ဆာကလာပ်စည်း တိုးပွားမှု ထိထိရောက်ရောက် နည်းပါးသွားစေ ရန် ရေနွေးကြမ်း တစ်နေ့လျှင် နှစ်ခွက် သို့တည်းမဟုတ် သုံးခွက် သောက်သုံးခြင်းဖြင့် အထောက်အကူ ပြုသည်ဟုဆိုသည်။ သို့သော်ငြားလည်း ထိုဓာတုဗေဒပစ္စည်းပါဝင်မှု မြင့်မား ပါက မွေးဖွားရာတွင် သန္ဓေသား ချို့ယွင်းမှု အန္တရာယ်နှင့် ကြုံတွေ့ နိုင်ဖွယ်ရှိကြောင်း ကင်ဆာသုတေသန ပြုရာမှ သိရသည်။ အီးဂျီစီဂျီမော်လီကျူး တည်ဆောက်ပုံကို အခြေခံ၍ ကင်ဆာတိုက်ဖျက်ရေး ဆေးဝါးများ တီထွင်နိုင်ဖွယ်ရှိကြောင်း တွေ့ရှိရသည်။

ရေနွေးကြမ်း သောက်သုံးမှုက ကင်ဆာရောဂါ အမျိုးအစား အချို့၏ အန္တရာယ်ကို လျော့ချရာတွင် အထောက်အကူ ဖြစ်စေသည်ဟု ပြုလုပ်ပြီးခဲ့သည့် သုတေသနအရ သိရှိရသည်။

နော်ဝစ်ဒေသ ဂျွန်အင်းဌာနမှ ပါမောက္ခသွန်လေက စပိန်နိုင်ငံ မာစီယာတက္ကသိုလ်မှ အဖွဲ့နှင့်အတူ သုတေသန ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ဂျပန်ဈေးကွက်တွင် နိုင်ငံခြား လက်လီကုန်တိုက်ကြီးများ ရောင်းအား ကျဆင်းနေသော်လည်း ဌာနေ ဂျပန်ကုန်တိုက်များမှာ အရောင်း သွက်တွင်ကျယ်နေသည်ကို မတ် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

အတတ်ပညာပိုင်းဆိုင်ရာ မူပိုင်ခွင့်ထိန်းသိမ်းရေး ဗီယက်နမ်တွင် ဥပဒေမူကြမ်းရေးဆွဲ

ဟန်နွိုင် မတ် ၂၂

ဗီယက်နမ်နိုင်ငံသည် အတတ်ပညာ ပိုင်းဆိုင်ရာ မူပိုင်ခွင့် ထိန်းသိမ်းရေး ဥပဒေကြမ်းတစ်ရပ်ကို ပြန်လည် သုံးသပ်လျက်ရှိပြီး ယခုနှစ် နှောင်းပိုင်းတွင် အတည်ပြုနိုင်မည်ဟု မျှော်လင့်ရကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်သည်။

လှုံ့ဆော်

အနာဂတ်ကာလတွင် အတတ်ပညာ ပိုင်းဆိုင်ရာ မူပိုင်ခွင့်နှင့် သက်ဆိုင် နေသော ပြဿနာများကို တရားရုံး တော်တွင် ဖြေရှင်းလာနိုင်တော့မည် ဖြစ်ကြောင်း၊ အတတ်ပညာပိုင်းဆိုင်ရာ မူပိုင်ခွင့်နှင့် ပတ်သက်၍ အများ ပြည်သူတို့ သိရှိနိုင်စေရန် မီဒီယာများ မှတစ်ဆင့်လည်းကောင်း၊ နှီးနှောဖလှယ် ပွဲများမှတစ်ဆင့်လည်းကောင်း လှုံ့ဆော် ပေးနိုင်ခဲ့ကြောင်း သိပ္ပံနည်းပညာ ဒုတိယဝန်ကြီး မန်ဟိုင်က ပြောကြား သည်။

ဗီယက်နမ်နိုင်ငံသည်ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့ (ဒဗလျူတီအို)သို့ ဝင်ရောက် ခွင့်ရရှိရန် ပြင်ဆင်မှုများ ပြုလုပ်နေစဉ် အတတ်ပညာပိုင်းဆိုင်ရာ မူပိုင်ခွင့် ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

လိုအပ်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဥပဒေ ရေးရာ စံညွှန်းသတ်မှတ်ချက်များနှင့် အညီ ဗီယက်နမ်နိုင်ငံသည် အတတ် ပညာပိုင်းဆိုင်ရာ မူပိုင်ခွင့် ထိန်းသိမ်း နိုင်စေမည့် ဥပဒေတစ်ရပ် လိုအပ် ကြောင်း မန်ဟိုင်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့၏ အတတ်ပညာပိုင်းဆိုင်ရာ မူပိုင်ခွင့်နှင့် သက်ဆိုင်သည့် ဥပဒေ စည်းမျဉ်းများကို လက်ခံရန် သဘော တူညီခဲ့ကြောင်း ၎င်းက ပြောကြား သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဗြိတိသျှတပ်ဖွဲ့များအတွက် ရဟတ်ယာဉ်များ ချို့တဲ့လျက်ရှိ

လန်ဒန် မတ် ၂၂

ဗြိတိသျှတပ်ဖွဲ့များသည် စစ်မြေပြင် သုံး ရဟတ်ယာဉ်များ လိုအပ် သလောက် မရနိုင်ဘဲ ချို့တဲ့လျက် ရှိကြောင်း ပါလီမန်သို့ တင်သွင်းသည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြ ထားကြောင်း သတင်းများ ထွက်ပေါ် လာသည်။

အဆင်သင့်ရှိ

ရဟတ်ယာဉ်လိုအပ်ချက်နှင့် အသုံး ပြုရန် အဆင်သင့်ရှိနေသော ရဟတ် ယာဉ်စင်းရေအကြားတွင် ကွာဟမှုမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကျော် အထိ ရှိနေကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။

လိုအပ်

လိုအပ်နေသော ရဟတ်ယာဉ် များတွင် တိုက်ခိုက်ရေး ရဟတ်ယာဉ် များ ပါဝင်သည်။ ချင်းနော့ရဟတ် ယာဉ်အချို့မှာ အခက်အခဲရှိနေသော ကြောင့် ပျံသန်းခြင်း မပြုနိုင်ဘဲ မြေပြင်တွင် ရပ်နားထားရသည်။ ထို့ပြင် ရဟတ်ယာဉ်များအတွက် အသုံးပြုသော အကာအကွယ် ပစ္စည်းများမှာလည်း လိုအပ်သလောက်မရနိုင်ဘဲ ဖြစ်နေ သည်ဟု ဆိုသည်။ ရဟတ်ယာဉ် အကာအကွယ်ပစ္စည်းများ၊ ချူကလီးယားနှင့် ဇီဝဓာတုဗေဒ အကာ အကွယ်ပစ္စည်းများလည်း ရဟတ်ယာဉ် အဖွဲ့သားများအတွက် လိုအပ်လျက် ရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆီးချိုရောဂါကုဆေးဝါးသစ် အက်ဖ်ဒီအေအဖွဲ့ သုံးစွဲခွင့်ပြု

ဝါရှင်တန် မတ် ၂၂

အမေရိကန်အစားအစာနှင့် အုပ်ချုပ်ရေးအဖွဲ့ (အက်ဖ်ဒီအေ)သည် ကြာသပတေးနေ့က ဆီးချိုရောဂါကုဆေးဝါးသစ်တစ်မျိုးဖြစ်သော ဆိုင်လင်ဆေးကို အင်ဆူလင်ဆေးနှင့် တွဲဖက်အသုံးပြုရန် တရားဝင် ခွင့်ပြုလိုက်ပြီဖြစ်သည်။ အင်ဆူလင်ဆေးသည် ဆီးချိုရောဂါကုသရာ၌ သုံးစွဲလျက်ရှိသော ဆေးဝါးဖြစ်သည်။ အသစ်ခွင့်ပြုလိုက်သည့် ဆိုင်လင်ဆေးမှာ အမိုင်လင်ဆေးဝါးကုမ္ပဏီက ထုတ်လုပ် လိုက်သောဆေးဖြစ်သည်။ ထိုကုမ္ပဏီသည် ကာလီဖိုးနီးယားပြည်နယ် ဆင်ဒီရာကိုမြို့တွင် တည်ရှိသည်။

ဆိုင်လင်ဆေးကို ဆီးချိုရောဂါအမျိုးအစား အမှတ်(၁)နှင့် ဆီးချိုရောဂါအမျိုးအစား အမှတ်(၂)တို့ ကို ကုသရာ၌ သုံးစွဲနိုင်သည်။ ထိုဆေးမှာ လူကြီးများကို ကုသရာ၌သာ သုံးစွဲရန်ဖြစ်သည်။ ကလေးများ ကို ကုသရာ၌ စမ်းသပ်ရခြင်း မရှိသေး၍ ခွင့်ပြုထားခြင်း မရှိပေ။ ဆိုင်လင်ဆေးနှင့် အင်ဆူလင်ဆေးတို့ကို ဆေးထိုးအပ် တစ်ချောင်းတည်းတွင် ရောနှော၍ သုံးစွဲပါက ဆေး၏အာနိသင်ကို ထိခိုက်စေနိုင်ကြောင်း အက်ဖ်ဒီအေအဖွဲ့က အသိပေးဖော်ပြထားသည်။ ဆီးချိုရောဂါအမျိုးအစားအမှတ်(၁) ခံစားနေရသော ဝေဒနာသည်များကို ဆိုင်လင်ဆေးပေး၍ ကုသပါက သွေးထဲတွင် သကြားဓာတ်ပမာဏကျဆင်းသွား ခြင်းနှင့် ဝမ်းဗိုက်အောင့်ခြင်း၊ နာခြင်း စသောဝေဒနာများကို ဖြစ်ပေါ်စေနိုင်သည်ဟုဆိုသည်။

ထိုဆေးကြောင့် ဖြစ်ပေါ်စေနိုင်သော ဘေးထွက်ဆိုးကျိုးများမှာ ငြီးစီစီဖြစ်ခြင်း၊ ဝမ်းဗိုက်နာခြင်း၊ ခေါင်းကိုက်ခြင်း၊ မောပန်းခြင်း၊ မူးဝေမှုခံစားရခြင်း စသည့်ဝေဒနာများကို ဖြစ်ပေါ်စေနိုင်သည်ဟု အက်ဖ်ဒီအေက အသိပေးဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

➪ စာမျက်နှာ ၃ မှ

အနုမောဒနာတရားဟောကြားတော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (အပေါ်ပုံနှင့်အောက်ပုံ) (သတင်းစဉ်)



ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အိုင်တီပညာဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မတ် ၂၃

ITပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) က ကြီးမှူး၍ {Web Services}အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၆ရက် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ လှိုင်မြို့နယ် MICT Park ရှိ Upper of Canteen၌ ကျင်းပမည်ဖြစ်ရာ (MCPA)မှ အလုပ်အမှုဆောင် ဦးမောင်မောင်သန့် (My Associate Co., Ltd.)နှင့် MIT Co., Ltd.တို့က ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ IT ပညာရှင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ် သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ မတ်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၂၇-၃-၂၀၀၅ရက်နေ့

၂၀၀၅ခုနှစ်၊ ဧပြီလအတွက်

(၁၀-၄-၂၀၀၅)ရက်နေ့

နှင့်

(၂၄-၄-၂၀၀၅)ရက်နေ့

မိုးကုတ်ဝိပဿနာ ၁၀ ရက် စခန်း

ရန်ကုန် မတ် ၂၃

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၃၆) ဂူကြီးကုန်းကျောင်းတိုက် တွင် (၇၅)ကြိမ်မြောက် စိန်ရတုအထိမ်းအမှတ် ၁၀ ရက် တရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိဗ္ဗာန်ရောက်ကြောင်းတရားများကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ စိန္တိတက ဟောကြားမည်ဖြစ်သဖြင့် တရားစခန်းဝင်ရောက်လိုသူများ အမှုဆောင်အဖွဲ့ထံ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ

အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန် မတ် ၂၃

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

တက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ချင်းပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့(၁၇)ဖွဲ့အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်း အဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်း အဝေးတွင် သဘာပတိအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ် ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလော်ဆင် ကွမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် များ အစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကြည်တင့်၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးဘိုသိန်း၊ အသိပညာရှင် အတတ် ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ သိန်းညွန့်(ညွန့်ဝေ-ကသာ)၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် များအစုအဖွဲ့မှ ဒေါက်တာမြတ်မြတ်အုန်းခင်နှင့် အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက် သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ဦး ရှိပြီး ၁၀၆၈ဦး တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်း အားဖြင့် ၉၈ ဒသမ ၈၀ ရာခိုင်နှုန်း ရှိသဖြင့် အမျိုးသား ညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စု ခန်းမ၌ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးသိန်းထွန်း ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်း ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၌ ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

Internet 6 24/03/2005, 1:07 AM

နှစ်(၆၀)ပြည့် တပ်မတော်နေ့အကြို ဂုဏ်ပြုကဗျာ

ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

☆ ပုဂံပင်းယ၊ အင်းဝတောင်ငူ
တစ်မူညောင်ရမ်း၊ စခန်းနဂိုရ်
ရွှေဘိုကုန်းဘောင်၊ ထောင်ပြုမြို့ ရာပြုမြို့
ဒို့ဘိုးဒို့ဘ၊ မြန်မာ့စစ်သည်
ဇာနည်သားကောင်း၊ သူတို့အကြောင်း
နှစ်ထောင်းအားရ တွေးမိတယ်...။

☆ "ပုဂံမှာမွေး၊ မြန်မာသွေးမို့
အလေးမမူ၊ အသက်ပင်လှူခဲ့ပေါ့
ပြည်သူ့အတွက်"၊ အသက်စွန့်ရန်ဝန်မလေး
ဟိုရှေးက ပုဂံတပ်မတော်သားများ...။

☆ တစ်ဖန်ပင်းယ၊ ခေတ်ကာလခါ
မြင်စိုင်းဌာန၊ ကာရေးပြဟန်
ဇာတိမာန်မီး၊ ထိန်ညီးအောင်ထွန်းပြ
"ယရည်းသွန်းသွန်း၊ မြင်းသည်ဝန်း
လုံချွန်းတွန်းတက်ပယ်၊ တွန်းတက်ပယ်"...။

☆ အင်းဝခေတ်မှာ၊ ဆီသည်ရွာစား
ရေးဖွဲ့သွားပုံ၊ မျက်ဝါးထင်ထင်
သဘင်မြင်းခင်း၊ စစ်အင်ကျင်းပုံ
"ခြေလျင်ခြေချင်း၊ မြင်းလည်းမြင်းအလျောက်
ထိုးမြှောက်လှံလေး၊ ခုန်ပြေးသံလျှင်
စိုင်းနှင်ကြွားကြွား၊ ဓားသွားနုတ်ငင်
မွှမ်းမွှမ်းဖြင်မျှ"...။

☆ တောင်ငူခေတ်တွင်၊ (ဘုရင့်နောင်)ကျော်ထင်နော်ရထာ
ဥဒါန်းမှာတွင်အောင်၊ "နောင်ရိုးတိုက်ပွဲ"
အံ့အဲဝှဲချီး၊ အားမာန်ဟည်းခဲ့...။

☆ ညောင်ရမ်းခေတ်မှု၊ ပြည်သူ့ထဲကစစ်သား
"စစ်သံကြားလျှင်၊ ရွှေဓားပိုက်ကာ
အိုးစားဖက်ကို၊ လိုက်လို့ရှာသည်"
တကယ့်ဇာနည်၊ မောင်စစ်သည်။

☆ ကုန်းဘောင်ခေတ်မှာ "ကိုးပိဿာစီးဓားမကြီး
ရန်မီးသတ္တရ ငေါက်လျှင်ပြို
ကုန်းဘောင်ရွှေဘို၊ ထောင်ကနက်က
ဘေးဘိုးစဉ်ဆက်ခုတိုင်အောင်
ရေးတော်မရှောင်၊ ထမ်းတဲ့ယောကျ်ား"...။

☆ ငါတို့ခေတ်တပ်မတော်
ရွှေပြည်တော်သစ်ရေး၊ အသက်သွေးချွေး
အားသွန်ပေးဆပ်၊ မြင့်မြတ်နှလုံးသား
ပြည့်အားလက်ရန်း၊ ချေမှုန်းအဖျက်
ပြည့်တွက်တည်ဆောက်၊ သားကောင်းတစ်ယောက်
ကျောက်ကောင်းတစ်စေ့၊ ပီပါပေ့သည်
မွေးမေ့သက်မှတ်၊ ဂုဏ်ပြုအပ်သော
တပ်မတော်သား၊ ဇာနည်များကို
အားထားအလေးပြုမိ၏။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

☆ စာမျက်နှာ ၆ မှ

သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

ထို့နောက် စုံညီအစည်းအဝေး အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ် အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးသိန်းထွန်းက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ပါဝင်သည့် မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ ဖြစ်ကြသော ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနှင့် ဦးထွန်းကျော်တို့ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးအောင်သိန်းနှင့် ဦးထွန်းကျော်တို့က ဖတ်ကြားတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

တင်ပြဆွေးနွေး

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ ၀၅မိနစ်တွင်ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၌ ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသော ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနှင့် ဦးတင်ထွန်းမောင်တို့ စုပေါင်း တင်ပြသည့်ဆွေးနွေး အကြံပြုချက်စာတမ်းကို တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသော ဦးသိမ်းကြည်နှင့် ဦးလှစိုးတို့က ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ မိနစ် ၅၀တွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မတ် ၂၅ရက် နံနက် ၉နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

မတ် ၂၃ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ ညစာစားပွဲသို့ တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry **နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးသိမ်းကြည်က ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးလှစိုးက ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၃-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅	၉။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၀	၉။ **မမှောင်သောအလင်း အပိုင်း(၇)**
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ **ထူးခြားသောကလေးငယ်ကာတွန်းဇာတ်လမ်း (အပိုင်း-၃၃)**
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း-၂၄)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ မြန်မာ့ရှုခင်း
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **နှစ်(၆၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း "သူရဲကောင်းများထွန်းကားသည်" (အပိုင်း-၁) [ဒါရိုက်တာ-ပန်းချီစိုးမိုး] (သရုပ်ဆောင်-အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီကျော်သူ၊ အကယ်ဒမီရန်အောင်၊ အကယ်ဒမီ ဒွေး၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီမေသဉ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ စိုးမိုးကြည်)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်



လွတ်လပ်ရေးရပြီးစကာလ ပြည်တွင်းသောင်းကျန်းသူများအား တိုက်ခိုက်နှိမ်နင်းရာတွင် မြန်မာ့တပ်မတော်မှ တင့်ကားများဖြင့် ဤသို့ တိုက်ပွဲဝင်ခဲ့သည်။

လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စော

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကို ပြန်ကြည့်လျှင် တပ်မတော်၏ အရေးပါမှုကို ထင်ရှားစွာ တွေ့မြင်ရမည် ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော တပ်မတော်၊ ငွေကြေးနှင့် အခွင့်အရေး အကျိုးအမြတ် ခံစားမှုအတွက်မဟုတ်ဘဲ အသက်ကိုပင် ပေးဆပ်မည်ဟူသော ခံယူချက်ဖြင့် ဖွဲ့စည်းထားသော တပ်မတော်၊ လွတ်လပ်ရေးကို မဖြစ်မနေ ရယူနိုင်ရမည်ဟူသော ယုံကြည်ချက်ဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရှေ့တန်းစစ်မျက်နှာမှ စွန့်လွှတ်စွန့်စား ပါဝင်ခဲ့သည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ မြန်မာ့လွတ်လပ်ရေးကို အလွယ်တကူ ရရှိခဲ့ခြင်းမဟုတ်ချေ။ မျိုးချစ်တိုင်းရင်းသား ပြည်သူတို့နှင့်အတူ ပြည်သူ့ရင်သွေး သားသမီးများပါဝင်သော တပ်မတော်တို့ လက်တွဲ၍ အသက်၊သွေး၊ချွေး မြောက်မြားစွာ ရင်းနှီးရယူခဲ့ရခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးစကာလသည် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးစွမ်းပကားမြှင့်တင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အား မြင့်မားရေး၊ ပြည်ပအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်တွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည်များကို ထူထောင်တည်ဆောက်ရန် အထူးလိုအပ်သည့် ကာလဖြစ်သည်။ ထိုကာလမျိုးတွင် အာဏာရ ဖဆပလအဖွဲ့ကြီး အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲခဲ့သည်။ နိုင်ငံရေးပါတီများသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲများဖြင့် အချင်းချင်း မသင့်မမြတ်ဖြစ်ကာ ၁၉၄၈ခုနှစ် မတ်လ ၂၈ရက်နေ့တွင် ဗကပတို့ တောခိုသွားခဲ့သည်။ ထိုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ရဲဘော်ဖြူတို့သည် ဖဆပလအဖွဲ့မှ နုတ်ထွက်ပြီး တောခိုကြပြန်သည်။

ပြည်တွင်း သောင်းကျန်းသူများအား မြန်မာ့တပ်မတော်က စစ်ဆင်ရေးများဖြင့် ဆင်နွှဲတိုက်ခိုက်ခဲ့ကြရာတွင် တပ်မတော်(ရေ) ကလည်း ဤသို့ ပါဝင်ခဲ့သည်။



၁၉၄၈–၁၉၄၉ခုနှစ် ကာလများအတွင်း ဖြစ်ပေါ်ခဲ့သော ပြဿနာအရပ်ရပ်ကို နိုင်ငံတော်အစိုးရသည်လည်းကောင်း၊ ပါလီမန်လွှတ်တော်သည်လည်းကောင်း ဖြေရှင်းနိုင်စွမ်း မရှိတော့ဘဲ ပြည်တွင်းစစ်မီး တောက်လောင်ခဲ့သည်အထိ အခြေအနေ ဆိုးရွားလာခဲ့သည်။

ထိုအချိန်တွင် တပ်မတော်သာလျှင် ကြံ့ကြံ့ခိုင်ရပ်တည်၍ တိုင်းပြည်ကို ချောက်ကမ်းပါးထဲ ကျလုဆဲဆဲ အခြေအနေမှ ကယ်တင်ခဲ့ရသည်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သည့် မျိုးချစ်မြန်မာ့တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူများဘက်က ရပ်တည်၍ နိုင်ငံတော်မပြိုကွဲအောင် ထိန်းသိမ်းကာကွယ်ခဲ့ရသည်။ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရင်းက တပ်မတော်စစ်သည်များ၏ အသက်ပေါင်းများစွာကို ပေးလှူခဲ့ရသည်။

ထိုစဉ်က သောင်းကျန်းသူများသည် မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ် စသည်ဖြင့် တစ်နိုင်ငံလုံးနီးပါး ပျံ့နှံ့ပုန်ကန်ခဲ့ကြသည်။

ထို့ကြောင့် ကြည်း၊ ရေ၊ လေ စစ်သည်များ ပါဝင်သော မြန်မာ့တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့နှင့်လက်တွဲ၍ သောင်းကျန်းသူများကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။

လွတ်လပ်ရေး၏ လက်တွေ့အနှစ်သာရမှာ အေးချမ်းမှု၊ သာယာမှု၊ တရားမျှတမှု၊ လုံခြုံမှု၊ ဖူလုံအဆင်ပြေမှုတို့ဖြစ်သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးပါတီများ အကွဲအပြဲဖြစ်ကာ အာဏာလုရေး၊ ဆူပူသောင်းကျန်းရေး စသည့်ထင်ရာစိုင်းလုပ်ရပ်များကိုသာ လုပ်ဆောင်လာကြသည်။

၁၉၄၈ခုနှစ် မတ်လကုန်တွင် တောခိုသွားသော ဗကပတို့နှင့် ၎င်းနှစ် ဇူလိုင်လတွင် တောခိုခဲ့သော ရဲဘော်ဖြူတို့သည် မြေလတ်ဒေသတွင် ပေါင်းမိကြပြီး ရန်ကုန်မြို့ကို သိမ်းပိုက်ရန်အထိ ကြံစည်ခဲ့ကြသည်။

၁၉၄၈ခုနှစ် နှစ်လယ်ပိုင်းတွင် သောင်းကျန်းသူတို့သည် မြေလတ်ပိုင်း မတ္တရာ၊ မြင်းခြံ၊ ပခုက္ကူ၊ ချောက်၊ ရေနံချောင်း၊ မင်းဘူး၊ မကွေးဝန်းကျင်တစ်ဝိုက်တွင် ဆူပူသောင်းကျန်းခဲ့ရာမှ ရန်ကုန်မြို့ဆီသို့ ပြည်–ရန်ကုန် ကားလမ်းအတိုင်း စုန်ဆင်းလာခဲ့ကြသည်။ ထိုနှစ် ဩဂုတ်လ တတိယပတ်တွင် သောင်းကျန်းသူတို့သည် နတ်တလင်းမြို့အနီးသို့ ရောက်ရှိလာကြပြီး တပ်မတော်နှင့် အပြင်းအထန် ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

ထင်ရှားသော တိုက်ပွဲတစ်ခုမှာ နတ်တလင်းမြို့အနီး ဖိုးသာအောင် ခုံတံတားတိုက်ပွဲ ဖြစ်သည်။

၁၉၄၈ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ ည ၇နာရီခန့်တွင်ဖြစ်သည်။ နတ်တလင်းမြို့တွင် တပ်စွဲထားသော တပ်ရင်းမှူး ဗိုလ်မှူးအေးချိုဦးစီးသည့် မြန်မာ့တပ်မတော်သည် အင်အားအဆမတန်များပြားသော သောင်းကျန်းသူများကို ဖိုးသာအောင် ခုံတံတားမှနေ၍ ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့သည်။ တပ်မတော်၏ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချွံချွံ စွန့်စားတိုက်ခိုက်မှုကြောင့် သောင်းကျန်းသူများ ဆက်လက်မချီတက်နိုင်တော့ဘဲ ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။ ထိုတိုက်ပွဲတွင် ဗိုလ်မှူးအေးချိုသည် ပြင်းထန်စွာ ဒဏ်ရာရပြီး ဩဂုတ်လ ၂၁ ရက်တွင် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့သည်။ ဗိုလ်မှူးအေးချိုနှင့် အတူ တပ်မတော်စစ်သည် များစွာသည်လည်း တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည်။

၁၉၄၉ခုနှစ် နှစ်ဦးပိုင်းတွင် ပဲခူး၊ ဒိုက်ဦးနှင့် သာယာဝတီ စစ်မျက်နှာများတွင်လည်း တပ်မတော်သည် သောင်းကျန်းသူများကို ရင်ဆိုင်နှိမ်နင်းလျက်ရှိသည်။ ဒိုက်ဦးစစ်မျက်နှာရှိ တိုက်ပွဲဖြစ်စဉ်တစ်ခုတွင် တပ်မတော်၏ နောက်တန်းဌာနချုပ်ကို သောင်းကျန်းသူများ၏ ဝိုင်းရံခြင်း ခံခဲ့ရသည်။ ထိုစဉ် တပ်သားလှသောင်းသည် ရန်သူအများအပြား သေဆုံးအောင် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်နိုင်သကဲ့သို့ မိမိဘက်မှ တပ်ဖွဲ့ဝင်များ ဆုတ်ခွာနိုင်အောင် စက်သေနတ်ဖြင့် နောက်ချန်ကာ ရန်သူကို ကာပစ်ပေးခဲ့ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးလှူသွားခဲ့သည်။ အဆိုပါတိုက်ပွဲတွင် အရာရှိ၊ အကြပ်၊ စစ်သည် ၁၀၀ ခန့် နိုင်ငံအတွက် အသက်ပေးလှူခဲ့ရသည်။

၁၉၄၉ခုနှစ်သည် တိုင်းပြည်၏ အဆိုးရွားဆုံးကာလဖြစ်သည်။ မြန်မာနိုင်ငံရှိ မြို့များအနက် ၇၅ရာခိုင်နှုန်းခန့်သည် ရောင်စုံသောင်းကျန်းသူ

**၁၉၄၉ခုနှစ်သည် တိုင်းပြည်၏ အဆိုးရွားဆုံးကာလဖြစ်သည်။ မြန
အနက် ၇၅ရာခိုင်နှုန်းခန့်သည် ရောင်စုံသောင်းကျန်းသူများ၏ လက်
နေသည်။ ရန်ကုန်မြို့သည်ပင် သောင်းကျန်းသူများလက်တွင်းသို့ ကျ
အခြေအနေဖြစ်သည်။ ရန်ကုန်အစိုးရဟုပင် ရည်ညွှန်းခံနေရသည့်
ပြည်ထောင်စုကြီးအား သစ္စာရှိကြသော မြန်မာ့တပ်မတော်သားတို့
တိုက်ခိုက်ကာကွယ်မှုကြောင့်သာလျှင် ပြည်ထောင်စုကြီးသည်
လွတ်မြောက်လာရခြင်း ဖြစ်သည်။**

မြင့်သူရိန်

များ၏ လက်တွင်းသို့ ကျရောက်နေသည်။ ရန်ကုန်မြို့သည်ပင် သောင်းကျန်းသူများ လက်တွင်းသို့ ကျရောက်ရတော့မည့်အခြေအနေဖြစ်သည်။ 'ရန်ကုန်အစိုးရ'ဟုပင် ရည်ညွှန်းခံနေရသည့်အချိန်ဖြစ်သည်။ ပြည်ထောင်စုကြီးအား သစ္စာရှိကြသော မြန်မာ့တပ်မတော်သားတို့၏ စွန့်လွှတ်စွန့်စား တိုက်ခိုက်ကာကွယ်မှုကြောင့်သာလျှင် ပြည်ထောင်စုကြီးသည် ယင်းအခြေအနေမှ လွတ်မြောက်လာရခြင်း ဖြစ်သည်။

တပ်မတော်သားများသည် အသက်စွန့်ရမည်ကို သိပါလျက် တိုင်းပြည်နှင့် လူမျိုးတို့အတွက် မိမိတို့၏ အသက်ကိုပေးလှူသွားခဲ့သည်။ အခက်အခဲများကြားက ရယူထားရသည့် မြန်မာ့လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးမသွားစေရန် အသက်ပေး၍ ကာကွယ်ခဲ့ကြသည်။

ဤသို့လျှင် မြန်မာ့တပ်မတော်သားများသည် အသက်၊ သွေး၊ ချွေးပေးဆပ်၍ တိုင်းပြည်လွတ်လပ်ရေးကို ကာကွယ်ခဲ့ကြသဖြင့် ယနေ့တိုင် မြန်မာတိုင်းရင်းသားတို့သည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် တိုင်းပြည်တွင် အေးချမ်းစွာ နေထိုင်ရလျက် ရှိနေခြင်းဖြစ်သည်။

အကယ်၍သာ ထိုစဉ်က အာဏာရပါတီအကွဲအပြဲပြဿနာများ၏ နောက်ဆက်တွဲဖြစ်သည့် နိုင်ငံပြိုကွဲမည့်အန္တရာယ်ကို တပ်မတော်က အချိန်မီ မကယ်တင်နိုင်ခဲ့ပါလျှင် လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် ချောက်ကမ်းပါးထဲသို့ ပြန်လည်ကျရောက်သွားမည်ဖြစ်သည်။



**မြန်မာ့တပ်မတော်က ဆင်နွှဲခဲ့သ
ရန်သူများထံမှ သိမ်းဆည်းရမိခဲ့သော
အား တွေ့ရစဉ်။**

တပ်မတော်သည် ပြည်တွင်း
ဖိုးသာအောင်ခုံးတံတား၊ ဝက်ကော်
အင်းစိန်၊ သာစည် စသည့်နေရာများတွ
ခဲ့ပြီးနောက် ၁၉၄၉ခုနှစ် မေလ ၁၃ရက်
မေလ ၁၄ရက်နေ့တွင် ဓိကုန်းနှင့် န
၂၂ရက်နေ့တွင် ပျော်ဘွယ်၊ ရမည်းသင်
မြို့များ၊ ဇွန်လ ၁၂ရက်နေ့တွင်
ချောက်နှင့် ရေနံချောင်းမြို့များ၊ ဇွန်လ
ဇူလိုင်လ ၁၃ရက်နေ့တွင် သာယာဝ
နေ့တွင် မြင်းခြံမြို့၊ စက်တင်ဘာလ
နိုဝင်ဘာလ ၂၁ရက်နေ့တွင် တောင်
ထုံးကြီးရွာတို့ကို ပြန်လည်သိမ်းပိုက်ပြ
မီးရထားလမ်းကို ဖွင့်လှစ်ပေးခဲ့သည်။

ထိုအချိန်တွင် တပ်မတော်သာလျှင် ကြံ့ကြံ့ခိုင်ရပ်တည်၍ တိုင်းပြည်ကို ချောက်ကမ်းပါးထဲ ကျလုဆဲဆဲ အခြေအနေမှ ကယ်တင်ခဲ့ရသည်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သည့် မျိုးချစ် မြန်မာ့တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူများဘက်က ရပ်တည်၍ နိုင်ငံတော် မပြိုကွဲအောင် ထိန်းသိမ်းကာကွယ်ခဲ့ရသည်။ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရင်းက တပ်မတော်စစ်သည်များ၏ အသက်ပေါင်းများစွာကို ပေးလှူခဲ့ရသည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အကြို ဂုဏ်ပြုဆောင်းပါး

...းကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်

...ည်၏ အဆိုးရွားဆုံးကာလဖြစ်သည်။ မြန်မာနိုင်ငံရှိ မြို့များ ...ဉ် ရောင်စုံသောင်းကျန်းသူများ၏ လက်တွင်းသို့ ကျရောက် ... သောင်းကျန်းသူများလက်တွင်းသို့ ကျရောက်ရတော့မည့် ...ကုန်အစိုးရဟုပင် ရည်ညွှန်းခံနေရသည့်အချိန် ဖြစ်သည်။ ...ရှိကြသော မြန်မာ့တပ်မတော်သားတို့၏ စွန့်လွှတ်စွန့်စား ...င့်သာလျှင် ပြည်ထောင်စုကြီးသည် ယင်းအခြေအနေမှ ...သည်။



မြန်မာ့တပ်မတော်က ဆင်နွှဲခဲ့သည့် တိုက်ပွဲတစ်ခုအတွင်း ရန်သူများထံမှ သိမ်းဆည်းရမိခဲ့သော လက်နက်ခဲယမ်းများအား တွေ့ရစဉ်။

တပ်မတော်သည် ပြည်တွင်းဆူပူသောင်းကျန်းမှုများကို ဖိုးသာအောင်ခုံးတံတား၊ ဝက်ကော်တံတား၊ ပဲခူးဘုရားကြီး၊ အင်းစိန်၊ သာစည် စသည့်နေရာများတွင် အောင်မြင်စွာ တိုက်ခိုက်ခဲ့ပြီးနောက် ၁၉၄၉ခုနှစ် မေလ ၁၃ရက်နေ့တွင် ကြို့ပင်ကောက်မြို့၊ မေလ ၁၄ရက်နေ့တွင် ဇီးကုန်းနှင့် နတ်တလင်းမြို့များ၊ မေလ ၂၂ရက်နေ့တွင် ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်းနှင့် တံတားဦးမြို့များ၊ ဇွန်လ ၁၂ရက်နေ့တွင် ကျောက်ဆည်၊ ညောင်ဦး၊ ချောက်နှင့် ရေနံချောင်းမြို့များ၊ ဇွန်လ ၂၅ရက်နေ့တွင် သထုံမြို့၊ ဇူလိုင်လ ၁၃ရက်နေ့တွင် သာယာဝတီမြို့၊ ဇူလိုင်လ ၂၄ရက်နေ့တွင် မြင်းခြံမြို့၊ စက်တင်ဘာလ ၁ရက်နေ့တွင် လားရှိုးမြို့၊ နိုဝင်ဘာလ ၂၁ရက်နေ့တွင် တောင်ကြီးမြို့၊ ဒီဇင်ဘာလတွင် ထုံးကြီးရွာတို့ကို ပြန်လည်သိမ်းပိုက်ပြီးနောက် ရန်ကုန်-ပဲခူး မီးရထားလမ်းကို ဖွင့်လှစ်ပေးခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသော မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးရပြီးသည့်နောက်တွင်လည်း ဖော်ပြပါတိုက်ပွဲများဆင်နွှဲ၍ အသက်၊ သွေး၊ ချွေးပေးဆပ်ကာ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့သည်။ နိုင်ငံတစ်နိုင်ငံတွင် တပ်မတော်၏ အရေးပါမှုကို သက်သေပြလိုက်ခြင်းဖြစ်သည်။

ဤနေရာတွင် တပ်မတော်၏ မျိုးချစ်စိတ်ဓာတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ကိုယ်ကျိုးစွန့်မှုတို့ကို တွေ့ရှိရမည်ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းရာတွင် တပ်မတော်(ရေ)၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများသည်လည်း ထင်ရှားခဲ့သည်။ တပ်မတော်(ကြည်း)က ဆင်နွှဲသော တိုက်ပွဲများတွင် တပ်မတော်(ရေ)ကလည်း ရှပ်ရှပ်ချွံချွံ စွန့်စွန့်စားစား ပါဝင်ကူညီတိုက်ခိုက်ခဲ့သည်။

၁၉၄၉ခုနှစ် နှစ်ဆန်းတွင် ပုသိမ်မြို့၌ အခိုင်အမာတပ်စွဲထားသော သောင်းကျန်းသူများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ် မေယုနှင့် အင်းမ၊ တိုက်ရေယာဉ် ၁၂၉၉၊ ၁၃၆၉နှင့် ၁၄၇၈ တို့က ဝိုင်းရံတိုက်ခိုက်ပြီး ပုသိမ်မြို့ကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ ၁၉၄၉ခုနှစ် ဧပြီလ ၂၅ရက်နေ့တွင်လည်း သောင်းကျန်းသူများ အဝိုင်းခံနေရသော မအူပင်မြို့ရှိ တပ်မတော်စစ်သည်များထံ ရိက္ခာနှင့် လက်နက်ခဲယမ်းများပို့ရန်သွားသည့် စစ်ရေယာဉ် ရွှေပုစွန်နှင့် တိုက်ရေယာဉ် ၁၄၅၆တို့ကို သောင်းကျန်းသူများက လက်နက်မျိုးစုံဖြင့် ဆီးကြိုတိုက်ခိုက်ကြသည်။ ယင်းတိုက်ပွဲတွင် ရွှေပုစွန်ရေယာဉ်မှူး ဗိုလ်ကြီးထွန်းတင်သည် မျက်နှာ၌ ဒဏ်ရာပြင်းထန်စွာရနေသော်လည်း ရန်သူများကို ရှပ်ရှပ်ချွံချွံ ခုခံတိုက်ခိုက် အောင်ပန်းဆင်နိုင်ခဲ့သည်။

ဤနေရာတွင် တပ်မတော်၏ အစဉ်အလာကောင်းများဖြစ်သည့် တစ်ဦးချင်းအကျိုးကို ပဓာနမထားဘဲ အများအကျိုးကို ရှပ်ရှပ်ချွံချွံ ထမ်းရွက်ခြင်း၊ စွန့်လွှတ်စွန့်စားခဲ့ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိတို့ဖြင့် ပြည့်စုံခဲ့ခြင်းကြောင့် တပ်မတော်(ရေ)က ဤသို့ အောင်ပန်းဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းရာတွင် တပ်မတော်(လေ)၏ စွမ်းစွမ်းတမံ ပါဝင်ခဲ့မှုများသည် မြေပြင်စစ်ဆင်ရေးများအတွက် များစွာအထောက်အကူ ဖြစ်စေခဲ့သည်။

လွတ်လပ်ပြီးစကာလမှာပင် လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးရတော့မည့်အရေးနှင့် အဘယ်ကြောင့် ဤသို့ ကြုံတွေ့ခဲ့ရပါလေသနည်း၊ အဖြေကား တပ်မတော် အင်အားတောင့်တင်းမှုကို ပြိုကွဲအောင် ကြံဆောင်သူများ၊ ကိုယ်ကျိုးရှာသူများကြောင့်ဟု ဆိုရမည်ဖြစ်သည်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်စဉ်က တပ်မတော်နှင့်အတူ လက်တွဲ၍ တိုက်ပွဲဝင်ခဲ့ကြသော နိုင်ငံရေးပါတီအချို့သည် လွတ်လပ်ရေးရပြီးသောအခါ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲများဖြင့် မသင့်မမြတ်ဖြစ်ကာ တောခိုခဲ့ကြသည်။ ၎င်းတို့သည် တပ်မတော်ကို ဖြိုခွဲခဲ့ကြသည်။ လွတ်လပ်ရေးကို ထိပါးခဲ့ကြသည်။ တပ်မတော်အင်အား ကျဆင်းပြိုကွဲသည်နှင့်အမျှ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးပြီး သူ့ကျွန်ဘဝ ပြန်ရောက်မည်မှာ ဧကန်မုချဖြစ်သည်။



နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်တွင်းသောင်းကျန်းသူများအား နှိမ်နင်းခဲ့ရာတွင် တပ်မတော်(လေ)ကလည်း အထောက်အကူပေးခဲ့သည်။

သို့သော် တပ်မတော်သည် ပြည်သူနှင့် လက်တွဲခဲ့သည်။ ပြည်သူ့အားကိုယူ၍ အင်အားတောင့်တင်းသော တပ်မတော်အဖြစ် တပ်ကို တည်ဆောက်ရင်း အန္တရာယ်မှန်သမျှကို ကြံ့ကြံ့ခံ တွန်းလှန်တိုက်ခိုက် ချေမှုန်းခဲ့သည်။

ဤသို့လျှင် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးရပြီးစကာလ ပြင်းထန်စွာ ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းမှုများကို တိုက်ခိုက်နှိမ်နင်းကာ ဆုံးရှုံးလုနီးပါး ဖြစ်ခဲ့သည့် မြန်မာ့လွတ်လပ်ရေးကို ပထမအကြိမ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။

တစ်နည်းအားဖြင့်ဆိုရသော် လွတ်လပ်ရေးရပြီးစကာလ ပြည်တွင်း ဆူပူသောင်းကျန်းမှုများကြောင့် လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးရတော့မည့် ချောက်ကမ်းပါးပေါ်က အမိမြန်မာနိုင်ငံတော်ကို တပ်မတော်သည် အသက်ပေါင်းများစွာ ပေးဆပ်၍ စွန့်လွှတ်စွန့်စား ကယ်တင်ခဲ့ရသည်။

အကယ်၍ တပ်မတော်သည် စည်းလုံးညီညွတ်မှု၊ စည်းကမ်းလိုက်နာမှု၊ သစ္စာရှိမှု၊ ဇွဲသတ္တိရှိမှု စသည့် အစဉ်အလာကောင်းများနှင့် မပြည့်ဝခဲ့လျှင်၊ အင်အားတောင့်တင်းမှုမရှိခဲ့လျှင်၊ ထို့ပြင် တပ်မတော်ကသာ ဤသို့ အသက်ပေး၍ စွန့်လွှတ်စွန့်စား ကယ်တင်ခြင်းမရှိခဲ့လျှင် မြန်မာ့လွတ်လပ်ရေးသည်ကား ...... ။

တပ်မတော်သားများသည် အသက်စွန့်ရမည်ကို သိပါလျက် တိုင်းပြည်နှင့် လူမျိုးတို့အတွက် မိမိတို့၏ အသက်ကို ပေးလှူသွားခဲ့သည်။ အခက်အခဲများကြားက ရယူထားရသည့် မြန်မာ့လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးမသွားစေရန် အသက်ပေး၍ ကာကွယ်ခဲ့ကြသည်။

ဤသို့လျှင် မြန်မာ့တပ်မတော်သားများသည် အသက်၊ သွေး၊ ချွေး ပေးဆပ်၍ တိုင်းပြည်လွတ်လပ်ရေးကို ကာကွယ်ခဲ့ကြသဖြင့် ယနေ့တိုင် မြန်မာတိုင်းရင်းသားတို့သည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် တိုင်းပြည်တွင် အေးချမ်းစွာ နေထိုင်ရလျက် ရှိနေခြင်းဖြစ်သည်။

အကယ်၍သာ ထိုစဉ်က အာဏာရပါတီ အကွဲအပြဲပြဿနာများ၏ နောက်ဆက်တွဲဖြစ်သည့် နိုင်ငံပြိုကွဲမည့်အန္တရာယ်ကို တပ်မတော်က အချိန်မီ မကယ်တင်နိုင်ခဲ့ပါလျှင် လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် ချောက်ကမ်းပါးထဲသို့ ပြန်လည်ကျရောက်သွားမည်ဖြစ်သည်။



လက်ခံတွေ့ဆုံ

ပြည်ထောင်စု – မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီး H. E. Mr. Hitoshi Tanaka **နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီး H. E. Mr. Hitoshi Tanaka **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန် ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီး H. E. Mr. Hitoshi Tanaka **နှင့်အဖွဲ့အား ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့်ဦးမောင်မြင့်၊ အစိုးရအဖွဲ့ ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Nobutake Odano လည်း တက်ရောက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄–၃–၂၀၀၅ (ကြာသပတေးနေ့)

၁၃၆၆ခုနှစ်၊ တပေါင်းလပြည့် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၀ ၄။ တေးသရုပ်ဖော်အစီအစဉ်
၄:၅၀ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ခုနှစ်)
၅:၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၂၅ ၈။ ဓမ္မပူဇာတေးအစီအစဉ်
၅:၃၅ ၉။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၅၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆:၀၅ ၁၁။ ဥယျာဉ်တောင်ရွာ၏ ရွှင်ကြည်မနောအလှူတော်
၆:၂၀ ၁၂။ အမျိုးသားညီလာခံဂုဏ်ပြုတေး
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သောညီမ”(အပိုင်း–၁၇)**
၇:၃၀ ၁၆။ ၂၀၀၅ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ဆွေးနွေးခန်း
၇:၄၅ ၁၇။ ပြည်သူ့အတွက်တပ်မတော် “စက်မှု၊သားငါး၊သတ္တုနှင့် သစ်တော”
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **ရုပ်မြင်သံကြားဇာတ်လမ်း “သူရဲကောင်းများ ထွန်းကားသည်” (အပိုင်း–၁) (ကျော်သူ၊ ရန်အောင်၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မေသန်းနု၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှမျိုးသဥ္ဇာနွယ်) [ဒါရိုက်တာ–ပန်းချီစိုးမိုး]**
၂၂။ **သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ရွှေဦးဆောင်းနှောင်း လတပေါင်း(အပိုင်း–၂)**
၂၃။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

တပ်မတော်နေ့ဂုဏ်ပြု “သူရဲကောင်းများထွန်းကားသည်” ရုပ်မြင်ဇာတ်လမ်း တစ်ပြိုင်တည်းထုတ်လွှင့်ပြသမည်

ရန်ကုန် မတ် ၂၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် “သူရဲကောင်းများထွန်းကားသည်” ရုပ်မြင်သံကြားဇာတ်လမ်းကို ဇာတ်ညွှန်းအကယ်ဒမီ ငြိမ်းမင်းရေးသား၍ ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုး ရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ် အကယ်ဒမီကျော်သူ၊ အကယ်ဒမီ ဇင်ဝိုင်း၊ ထပ်ဆင့်အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီဒွေး၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ထပ်ဆင့်အကယ်ဒမီမေသန်းနု၊ အကယ်ဒမီမေသဥ္ဇာဦး၊ အကယ်ဒမီ ပန်းဖြူ၊ အကယ်ဒမီ စိုးမြတ်နန္ဒာတို့နှင့် အခြားသရုပ်ဆောင်ပေါင်းများစွာတို့ ပါဝင်သရုပ်ဆောင်ရိုက်ကူးထားကြောင်းသိရသည်။

အဆိုပါဇာတ်လမ်းကို အပိုင်းသုံးပိုင်းခွဲ၍ မတ် ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်ည ရုပ်မြင်သံကြားသတင်းများအပြီးတွင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားအစီအစဉ်တို့မှ တစ်ပြိုင်တည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

တိုင်းကျိုးပြည်ပြုပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်းတွင် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၃

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ပြပွဲကျင်းပမည်ဖြစ်ရာ အထူးပြခန်းတစ်ခုဖြစ်သော တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌ ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

အဆိုပါ ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို တပ်မတော်နေ့ပြပွဲသို့ လာရောက်ကြည့်ရှုသူ မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်၍ ပြပွဲကာလ ၁၀ ရက်တိုင် နေ့စဉ်မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်းသတ်မှတ်ထားသည့်နေရာ၌ ဖြေဆို၍ ဆုရရှိကြသူများကို နေ့ချင်းဆုချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် မတ် ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်အဖြစ် ယင်းဝန်ကြီးဌာန ဆေးတက္ကသိုလ် (၂) ရန်ကုန် ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်ခင်မေအုန်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မိုင်းခုတ်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် မတ် ၂၃

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်တွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မတ် ၁၅ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား(၁၀)ဝပ်၊လှိုင်းနှုန်း(၆)ဖြင့် မတ် ၁၆ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံကြည်လင် ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆူနာမီကြိုတင်သတိပေး စနစ်တစ်ရပ်ထူထောင်ရန် အိန္ဒိယသမုဒ္ဒရာဝန်းကျင်နိုင်ငံများက များစွာလိုလားတောင့်တလျက်ရှိ

❍ **ကျော်ဖုံးမှ**

၁၉၅၀ပြည့်နှစ်၌ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အဖြစ် ထူထောင်ဖွဲ့စည်းရာတွင် ရှေးဦးစွာ သဘောတူလက်မှတ် ရေးထိုးခဲ့သည့် ကမ္ဘာ့နိုင်ငံများထဲတွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ရပ်တည်ပါဝင်နိုင်ခဲ့ခြင်းအပေါ် ဝမ်းသာဂုဏ်ယူမိဆဲဖြစ်ကြောင်း။

အစဉ်အလာအရ စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အတိုင်း မြန်မာပြည်သူများသည် ရှေးပဝေသဏီကတည်းကပင် မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသော မိုးလေဝသ၊ ရာသီဥတုနှင့် သဘာဝရေ အနေအထားတို့နှင့် စပ်လျဉ်းပြီး မိမိတို့၏ ကိုယ်ပိုင်အမှတ်သင်္ကေတများနှင့် ကြိုတင်ခန့်မှန်းသတိထားပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ယနေ့ခေတ်ကာလကဲ့သို့ ခေတ်မီနည်းပညာများနှင့် ရာသီဥတုကို ခန့်မှန်းနိုင်စွမ်းမရှိသေးတာ အမှန်ပင်ဖြစ်ကြောင်း။

တိုးတက်ပြောင်းလဲ

ယနေ့ကမ္ဘာတွင် သိပ္ပံနှင့်နည်းပညာသည် အရှိန်အဟုန်ဖြင့် လျင်မြန်စွာပြောင်းလဲတိုးတက်လျက်ရှိပြီး ထိုသို့တိုးတက်ပြောင်းလဲမှုသည် လူ့အဖွဲ့အစည်း၏ ကဏ္ဍရပ်အားလုံးအပေါ် အကျိုးသက်ရောက်လျက်ရှိကြောင်း၊ လူသားများကို အကျိုးပြုသည့် နယ်ပယ်သစ်၊ ဘာသာရပ်အသစ်များ ဖြစ်ထွန်းလာပြီး လူသားများ၏ မျှော်လင့်တောင့်တမှုများကို ပိုမိုကျယ်ပြန့်စွာ ဖြည့်ဆည်းပေးလာနိုင်ကြောင်း၊ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်ဆိုင်ရာ အချက်အလက်များကိုလည်း ပိုမိုဖော်ထုတ်လာနိုင်ကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် တစ်ဖက်တွင် ခေတ်မီတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်း မြင့်မားမှုကို ဖော်ဆောင်သော်လည်း တစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်ပြားစေခဲ့သည့် လက်တွေ့ဖြစ်ရပ်များစွာကို ကြုံတွေ့လာခဲ့ရကြောင်း၊ သဘာဝပတ်ဝန်းကျင်သည် တိကျသည့် သဘာဝစည်းမျဉ်းစည်းကမ်းများအတိုင်း၊ သူ့သဘောသူဆောင်ပြီး ပြုပြင်ပြောင်းလဲလျက်ရှိကြောင်း၊ လူသားများအနေဖြင့် လေ့လာသိရှိဖော်ထုတ်နိုင်ခြင်းသည် အနည်းငယ်မျှသာ ရှိသေးသည်ဟုဆိုရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လူသားများနှင့် ဆက်စပ်နေသော မိုးလေဝသ၊ ရာသီဥတုနှင့် ရေတို့၏ သဘာဝကျကျ မြန်မြန်ဆန်ဆန် အပြန်အလှန် ထိန်းညှိပြောင်းလဲမှုဖြစ်စဉ်များအရ ပေါ်ပေါက်လာနေသည့် အချိန်အခါမဟုတ် မိုးထစ်ချုန်းရွာခြင်း၊ ပြင်းထန်သော ရာသီဥတုဖောက်ပြန်ခြင်း၊ ရေကြီးခြင်း၊ ပုံမှန်မဟုတ်သည့် မုန်တိုင်းများဖြစ်ပေါ်ခြင်းတို့၏ သဘောသဘာဝအနေအထားကို ဖော်ထုတ်လေ့လာနေရဆဲပင်ဖြစ်ကြောင်း၊ မိုးလေဝသနှင့် ရာသီဥတုကို ကြိုတင်ခန့်မှန်းနိုင်စွမ်းရှိရန် အရေးကြီးသကဲ့သို့ သင့်တင့်မျှတသော မိုးလေဝသနှင့် ရာသီဥတုရှိနေရန်လည်း လိုအပ်ကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ရေအရင်းအမြစ်လုံလောက်

မြန်မာနိုင်ငံသည် သင့်တင့်မျှတသည့်မိုးလေဝသနှင့် ရာသီဥတုများ ရရှိခံစားနေခြင်းကြောင့် ဇီဝမျိုးစုံဖွံ့ဖြိုးရေးအတွက် အခြေအနေပေးသကဲ့သို့ မြို့ပြသောက်သုံးရေဖူလုံရေး၊ စိုက်ပျိုးရေးရရှိရေးနှင့် စက်မှုလုပ်ငန်းသုံးရေရရှိရေးတို့အတွက် ရေအရင်းအမြစ်လုံလောက်စွာရှိနေကြောင်း။

ပထဝီအနေအထားအရလည်း မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့၏ အရှေ့ဘက်ကမ်း၌ တည်ရှိနေသည့်အတွက် အနောက်တောင်မုတ်သုံလေ၏ အကျိုးပြုမှုများကိုခံစားရသကဲ့သို့ မိုးကြီးမှုနှင့် မြစ်ရေကြီးမှုအန္တရာယ်တို့ကိုလည်း တစ်ပြိုင်တည်း ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ရသည့်အခါ ကြိုတင်ပြင်ဆင် ကာကွယ်သင့်သည်များကို လုပ်ဆောင်နိုင်မှုမရှိပါက ဆုံးရှုံးနစ်နာမှုများနှင့် ရင်ဆိုင်ကြရခြင်းဖြစ်ကြောင်း၊ ထိုသို့လူသားများအတွက် ဆုံးရှုံးနစ်နာမှုမများစေဖို့ရန်အတွက် ပြောင်းလဲနေသည့်မိုးလေဝသနှင့် ရာသီဥတုကို ကြိုတင်ခန့်မှန်းနိုင်ရန် အထူးလိုအပ်လျက်ရှိကြောင်း။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့သည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံအသီးသီး၏ မိုးလေဝသဌာနများနှင့် ပူးပေါင်းပြီး နှစ်ရှည်စီမံချက်များချမှတ်ပြီး ကြိုတင်အသိပေးကာကွယ်မှုများကို အတတ်နိုင်ဆုံးဆောင်ရွက်လျက်ရှိသည့်အတွက် ယခုအခါမုန်တိုင်းဒဏ်ကြောင့် သေကျေပျက်စီးဆုံးရှုံးမှု သိသိသာသာလျော့နည်းသွားပြီဖြစ်ကြောင်း။

ပျက်စီးဆုံးရှုံး

၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၆ရက်တွင် အင်အားရစ်ချ်တာစကေး ၉ အဆင့်ရှိသည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီးတစ်ခု ဆူမားတြားကျွန်းတောင်ဘက် ပင်လယ်ပြင်၌ တုန်လှုပ်ရာမှ ဆူနာမီရေလှိုင်းကြီးများဖြစ်ပေါ်ခဲ့ပြီး ကမ်းခြေဒေသများတွင် နေထိုင်ကြသူများ၊ အဆောက်အအုံများကို ပျက်စီးဆုံးရှုံးစေခဲ့ကြောင်း၊ အိန္ဒိယ သမုဒ္ဒရာနှင့်ထိစပ်လျက်ရှိသည့် နိုင်ငံပေါင်းများစွာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုးစားလုပ်ဆောင်နေရဆဲဖြစ်ကြောင်း၊ ဆက်စပ်နေသော မြန်မာနိုင်ငံတွင်လည်း ကံကောင်းစွာပင် လူ ၆၁ဦးသာ ပျက်စီးဆုံးရှုံးမှုခံရသဖြင့် အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် ပျက်စီးဆုံးရှုံးမှု ပမာဏမှာ များစွာလျော့နည်းသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ပျက်စီးဆုံးရှုံးမှုများစွာကို ကာကွယ်နိုင်ရန်အတွက် ဆူနာမီကြိုတင်သတိပေး စနစ်တစ်ရပ်ထူထောင်ရန် အိန္ဒိယသမုဒ္ဒရာဝန်းကျင်နိုင်ငံများက များစွာ လိုလားတောင့်တလျက်ရှိကြောင်း။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ပစိဖိတ် သမုဒ္ဒရာဆူနာမီကြိုတင်သတိပေးဌာန စသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အာရှသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဌာနနှင့် အာဆီယံမိုးလေဝသနှင့် ဘူမိရူပဌာနများ၏ အင်တိုက်အားတိုက် အားပေးတိုက်တွန်းမှု၊ ရန်ပုံငွေထည့်ဝင်မှု၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများကြောင့် များမကြာမီကာလအတွင်း၌ ဆူနာမီကြိုတင်သတိပေးစနစ်ဖြစ်ထွန်းလာတော့မည်ဖြစ်သည့်အတွက် အနာဂတ်တွင် ဆူနာမီရေလှိုင်းဒဏ်ကြောင့် လူပေါင်းများစွာ၏ အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးမှုကို ဟန့်တားနိုင်တော့မည်ဟု ယုံကြည်မိကြောင်း။

အလေးပေးဆောင်ရွက်နေ

မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်းမှစပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းပြင်းထန်ထန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❁

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် အမှတ်ပေးပြိုင်ပွဲနှင့် ရှုံး/ထွက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၁၉ရက် ည ၇နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပသော မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖွဲ့စည်းပြီးမြောက်သည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြု အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး နှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌ အထွေထွေ အတွင်းရေးမှူး ဒေါ်ဆွေဇင်ထိုက်နှင့် အမှုဆောင်များ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ခရစ်ကက်ရာသီ အမှတ်ပေးပတ်လည် ခရစ်ကက်ပြိုင်ပွဲနှင့် ရှုံး၊ ထွက်ပြိုင်ပွဲ တို့၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို သုဝဏ္ဏဘောလုံး လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ကျင်းပရာ မြန်မာနိုင်ငံ ခရစ်ကက် အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများ၊ အထွေထွေ အတွင်းရေးမှူး ဒေါ်ဆွေဇင်ထိုက်နှင့် အမှုဆောင်များ၊ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုရရှိ

အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုကို Trader's (X 1) အသင်းကရရှိပြီး ဒုတိယဆုကို Myanmar Vari V Sporting Club(A) အသင်းက ရရှိသွားသည်။

ရှုံး၊ ထွက်ပြိုင်ပွဲတွင် Myanmar Vari V Sporting Club(A) အသင်းက ပထမရရှိပြီး Trader' s (X 1) အသင်းက ဒုတိယရရှိသွားသည်။

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် တာဝန်ရှိသူ တို့က ဆုများကို အလှည့်ကျ ပေးအပ် ချီးမြှင့်သည်။ (သတင်းစဉ်)



မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖွဲ့စည်းပြီးမြောက်သည့် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အတူ အဖွဲ့ချုပ် အမှုဆောင်များ အမှတ်တရ တွေ့ရစဉ်။

(အား/ကာ)

မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံ ပြက္ခဒိန် အကြံပေး အဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို မတ် ၁၀ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၌ ကျင်းပခဲ့သည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ယဉ်ကျေး မှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့ အတွင်းရေးမှူး၊ အဖွဲ့ဝင် များနှင့် ပညာရှင်များ တက်ရောက် ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် သဘာပတိ အဖြစ် မြန်မာနိုင်ငံ ပြက္ခဒိန် အကြံပေး အဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဖေဉာဏ်က ဆောင်ရွက်ပြီး အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပြက္ခဒိန် အကြံပေးအဖွဲ့ဝင် ပညာရှင်များက ၁၃၆၈ ခုနှစ်အတွက် ပြက္ခဒိန် မူချော ကိုလည်းကောင်း၊ ၁၃၆၉ ခုနှစ်အတွက် ပြက္ခဒိန် မူကြမ်းကို လည်းကောင်း တင်သွင်းကြပြီး ၁၃၆၈ ခုနှစ် ပြက္ခဒိန် ကို တညီတညွတ်တည်း အတည်ပြု ကြသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်း တော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ်-၃၉ B/3 ကြံခင်းလမ်း စမ်းချောင်း မြို့နယ်နေ ဦးတင်ထွတ်-ဒေါ်ခင်မြဦးတို့က အလှူငွေကျပ်တစ်သိန်းကို ဖြစ်မြောက် ရေးကော်မတီအဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင် ရေစက်ချပွဲ

ရန်ကုန် မတ် ၂၃

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋက ဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်း တည်ထောင်တော်မူခဲ့သော တိ=နိ ရန်ကုန်ဌာန တိပိဋကကျောင်း တော် အမှတ် (၁၂) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် (၁၀)ကြိမ် မြောက် ရာသက်ပန် ဆွမ်းပဒေသာပင် ၁၀၀၀ ပြည့် ရေစက်ချပွဲအခမ်းအနားကို ဧပြီ ၃ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီ တွင် ကျင်းပမည်ဖြစ်ရာ ၂၀၀၄ ခုနှစ် မေ ၂၈ ရက်မှ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်ထိ လှူဒါန်းထားသော ဆွမ်း ပဒေသာ ပင်အလှူရှင်များ ကြွရောက် ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၃

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး ကျောင်း (TTC) (၁၉၈၈-၁၉၉၅) ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲကို မတ် ၂၄ ရက် (တပေါင်းလပြည့်) ကြာသပတေးနေ့ နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ပြည်လမ်းရှိ အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

မြတ်ဆရာကန်တော့ပွဲသို့ ကျောင်း သား၊ ကျောင်းသူဟောင်းများ မပျက် မကွက် တက်ရောက်ကြရန်နှင့် အလှူ ငွေများကို ကိုဇော်နိုင်သိန်း ဖုန်း ၀၉-၅၀၀-၂၄၆၅၊ ကိုထင်လင်း(ခ) မောင်နီ ဖုန်း ၀၉-၅၀၁-၅၅၆၃၊ ကိုသန့်မြတ်ဦး ဖုန်း ၀၉-၅၀၀-၇၀၆၁၊ ကိုခိုင်ဝင်း ဖုန်း ၀၉-၈၀၃-၃၀၃၃၊ ကိုအောင် သက်ပိုင် ဖုန်း ၀၉-၅၀၀-၄၂၇၅၊ ကိုကျော်လှိုင်ဝင်း ဖုန်း ၀၉-၅၀၀- ၇၃၉၃၊ ကိုအာကာကျော်ဝင်း ဖုန်း ၀၉-၅၀၁-၅၇၃၃နှင့် ကိုထွန်းအောင် ကျော် ဖုန်း ၀၉-၅၀၀-၄၄၃၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။

(က-ပ)

မိုးကုတ်ဝိပဿနာ (၁၀)ရက် တရားစခန်း

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်း အလုံမြို့နယ် ငုဝါလမ်း မဟာအောင်မြေ ဓမ္မိကာရုံကျောင်း တိုက်၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၄၈) တွင် (၃၉) ကြိမ်မြောက် သင်္ကြန် ၁၀ ရက်တရားစခန်းပွဲကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကျေးဇူး တော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မော်လမြိုင်ကျွန်းမြို့ ဓမ္မရိပ်သာကျောင်းတိုက်ကြီးမှ ဘဒ္ဒန္တ ကုဏ္ဍလ(နယ်လှည့်ဓမ္မကထိက) အရှင် သူမြတ်နှင့် အဖွဲ့ချုပ် ဓမ္မကထိက ဆရာကြီး ဦးစိန်ဝတို့က တရားတော် များကို ဟောကြားပြသမည်ဖြစ်သည်။

စခန်းဝင်လိုသော ယောဂီများ မတ် ၂၄ ရက် နံနက် ၆ နာရီတွင် လာရောက် စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

ဒေင်အိပ်မက်ဇာတ်ကားသစ်သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင်ပြသမည်

ရန်ကုန် မတ် ၂၃

ယခုသောကြာပတ် မတ် ၂၅ ရက် တွင် မြန်မာဇာတ်ကားသစ်ဖြစ်သော **ဒေင်အိပ်မက်** ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာရုံကြီးများ၌ တင်ဆက် ပြသမည်ဖြစ်သည်။ လပ်ကီးဆဲဗင်း ရုပ်ရှင်မှ လွန်းထားထား (ဆေး တက္ကသိုလ်)၏ဝတ္ထုကို ဒါရိုက်တာ မောင်ဖေဒါ ရိုက်ကူး၍ ညွန့်ဝင်း၊ ရန်အောင်၊ လွင်မိုး၊ ထက်ထက်မိုးဦး တို့ သရုပ်ဆောင် ပါဝင်ကြသည်။

မေတ္တာဘွဲ့ဇာတ်ကား

ဦးမိုးယံ၊ ဉာဏ်စင်နှင့် သဒ္ဒါမိုးဆွေ တို့ တွေ့ဆုံကြရာမှ မမျှော်လင့်သော အဖြစ်အပျက်များ၊ ဆုံစည်းမှုများဖြင့် ဇာတ်အိမ်ဖွဲ့ထားပြီး အချစ်၏ နက်ရှိုင်း မှုကို ပုံဖော်ထားသော မေတ္တာဘွဲ့ ဇာတ်ကားဖြစ်သည်။

ဆက်လက်၍ ဒွေး၊ တင့်တင့်ထွန်း နှင့် အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင် ကြသည့် **ကြိုးနှစ်စ** ဇာတ်ကားမှာ ရွှေဆောင်နှင့်နဝဒေးရုံများ၌ အောင်ပွဲခံ ပြသဆဲရှိသည်။

နေပြည်တော်ရုံ၌ နိုင်ငံခြားဇာတ်ကား ဖြစ်သော National Treasure အမည်ရှိ ရတနာသိုက် ရှာဖွေကြပုံ သည်းထိတ်ရင်ဖိုဇာတ်ကား ဆက်လက် ရုံတင်ဆဲရှိသည်။ ယခုသောကြာပတ် တွင် ရွှေဂုန်ရုံ မြေညီထပ်၌ ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်တို့ သရုပ်ဆောင်ကြသည့် **ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့ လိုတယ်** ဟာသဇာတ်ကား ပြသမည် ဖြစ်၍ ရွှေဂုန်ရုံအပေါ်ထပ်၌ Mission Imposible နိုင်ငံခြား အက်ရှင် ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။

ယခု အပတ် ရုံ တင်သည့် 'ဒေင် အိပ်မက်' ဇာတ်ကား သစ်မှ ရန်အောင် နှင့် ထက်ထက် မိုးဦး။

ပြသ

ဆက်လက်၍ မြို့မရုံ၌ Jaani Dushman အမည်ရှိ အိန္ဒိယ သည်းထိတ်ရင်ဖို မြွေဇာတ်ကား တင်ဆက်ပြသမည်ဖြစ်သည်။ ဆုထူးပန် ရုံ၌ Khan Jar အမည်ရှိ အိန္ဒိယ လျှို့ဝှက်သည်းဖို ဇာတ်ကြမ်းကား တင်ဆက်ပြသမည်။ သရုပ်ဆောင် ဆူနီရှက်သီ၊ တာဘူးတို့ ပါဝင်သရုပ် ဆောင်ကြသည်။ ဘုရင်ရုံ၌ Dil Karishtaအမည်ရှိ အိန္ဒိယမေတ္တာဘွဲ့ ဇာတ်ကား တင်ဆက်ပြသမည်ဖြစ် သည်။ (ကြေးမုံ)

ဆက်လက်ပြသဆဲ 'ကြိုးနှစ်စ' ဇာတ်ကားမှ ဒွေးနှင့် အိန္ဒြာ ကျော်ဇင်။



မြို့မရုံ၌ ပြသသော Jaani Dushman ဇာတ်ကားမှ ဇာတ်ဝင် ခန်း။



နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဗန္ဓုလစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်းတို့၏ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဗန္ဓုလစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်းတို့၏ တည်းခိုဆောင်များနှင့် စစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့ညနေပိုင်းတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် ဗန္ဓုလစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်းနှင့် နဝဒေးစစ်ကြောင်းတို့၏ တည်းခိုဆောင်များနှင့် လေ့ကျင့်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

ရှေးဦးစွာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ညနေ ၃နာရီတွင် ဗန္ဓုလစစ်ကြောင်း တည်းခိုနေထိုင်လေ့ကျင့်လျက်ရှိသည့်တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)မင်္ဂလာဒုံသို့ ရောက်ရှိလာရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေး၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်းနှင့် စစ်ရေးပြလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အား တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး ဧည့်ခန်းမ၌ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်မောင်ဦးက တပ်ခွဲအလိုက် နေရာချထားမှု၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုနှင့် ကျွေးမွေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက်နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည်ဗန္ဓုလစစ်ကြောင်းရှိတိုင်း၊ တပ်မ၊ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲများ၏ အိပ်ဆောင်များကို လည်းကောင်း၊ စားရိပ်သာများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဆင်ဖြူရှင်စစ်ကြောင်း တည်းခိုနေထိုင်လေ့ကျင့်လျက်ရှိသည့် (မင်္ဂလာဒုံ) တပ်နယ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဧည့်ခန်းမဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့အား ဗိုလ်မှူးချုပ်ရဲချစ်ဖေက စစ်ရေးပြတပ်ခွဲများအတွက် အုပ်ချုပ်မှုကိစ္စများ စီစဉ်ဆောင်ရွက်ပေးမှုကိုလည်းကောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်အောင်မြင့်က တိုင်း၊ တပ်မ၊ ညွှန်ကြားရေးမှူးရုံးများမှ တပ်ခွဲများအား နေရာချထားမှုနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ စစ်ကြောင်းဆေးမှူး ဒုတိယဗိုလ်မှူးကြီးခင်နုနုခင်က ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအသောက်နှင့် ရေကောင်းရေသန့် ရရှိရေး ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားပြီး စီမံဆောင်ရွက်ပေးသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စစ်ရေးပြလေ့ကျင့်လျက်ရှိသော ဆင်ဖြူရှင်စစ်ကြောင်းမှ စစ်သည်များအား တွေ့ဆုံကာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရန်ရက်အနည်းငယ်သာလိုတော့၍ ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်နှင့် စစ်ရေးပြအဆင့်အတန်း မြင့်မားရေးအတွက် ဖိဖိစီးစီး လေ့ကျင့်သွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နဝဒေးစစ်ကြောင်း တည်းခိုလေ့ကျင့်လျက်ရှိသည့် ဧရာဝတီရေတပ်စခန်း ဌာနချုပ်သို့ ရောက်ရှိကြပြီး စစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဧည့်ရိပ်သာ၌ နဝဒေးစစ်ကြောင်း စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်းက စစ်ကြောင်းတွင်ပါဝင်သော တိုင်း၊ တပ်မ၊ ညွှန်ကြားရေးမှူးရုံးများအား တပ်ခွဲအလိုက် နေရာချထားမှု၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နဝဒေးစစ်ကြောင်း၏ သက်သာချောင်ချိရေး အဆောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ညနေ ၅နာရီတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

❁ စာမျက်နှာ ၁၁ မှ

နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေဒေသအားလုံး မျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာရေးအတွက် ကဏ္ဍအလိုက် လိုအပ်သည့် အခြေခံအဆောက်အအုံများကိုလည်း ပြည့်စုံလုံနီးပါးဖြစ်အောင် အင်တိုက်အားတိုက် တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်သည့် ပညာတတ်လူ့အရင်းအမြစ်များ မွေးထုတ်နိုင်အောင်လည်း လိုအပ်သည့် တက္ကသိုလ်၊ ကောလိပ်များကို သတ်မှတ်ထားသည့် ဖွံ့ဖြိုးရေးဒေသများတွင် ထူထောင်ပေးသကဲ့သို့ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကိုလည်း အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း။

ဤနေရာ၌ ကမ္ဘာပေါ်တွင် လူသားများအနေဖြင့် သဘာဝသယံဇာတများကို အကန့်အသတ်မရှိ ထုတ်ယူသုံးစွဲခဲ့ကြသည့်အတွက် သစ်တောသယံဇာတများ ဆုံးရှုံးပြီး ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများ ဖြစ်ပေါ်ကာ ရေကြီးနစ်မြုပ်မှု အန္တရာယ်များ ကြုံတွေ့လာရသည်ကို သတိပြုရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ထူထောင်လုပ်ကိုင်ရာ၌ သဘာဝပတ်ဝန်းကျင် မပျက်စီး မဆုံးရှုံးစေရအောင် အလေးထား လုပ်ကိုင်ဆောင်ရွက်ရန် အရေးကြီးကြောင်း။

သစ်တောဖုံးလွှမ်းသည့်နိုင်ငံ

မြန်မာနိုင်ငံတွင်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကို စဉ်ဆက်မပြတ် အလေးထားပြီး ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်အောင် ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်ဧရိယာ၏ ထက်ဝက်ကျော်တွင် သစ်တောနှင့် သစ်တောမြေများ ဖုံးလွှမ်းနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများထဲ၌ မြန်မာနိုင်ငံသည် သစ်တောဖုံးလွှမ်းသည့် နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိကြောင်း။

၁၉၉၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့သစ်တောဥပဒေနှင့် နိုင်ငံတော်၏ ကျင့်သုံးလျက်ရှိသည့် အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒများကြောင့် ဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအကြား မျှတပြီး နိုင်ငံတော်၏ သစ်တောဧရိယာများသည် ပိုမိုတိုးချဲ့ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့အပြင် အထူးစီမံချက်များဖြစ်သည့် အပူပိုင်းအညာဒေသ စိမ်းလန်းစိုပြည်ရေးစီမံချက်နှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံချက်တို့ကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်လျက်ရှိကြောင်းကို ရှင်းလင်းပြောကြားလိုကြောင်း။

ပိုမိုအာရုံစိုက်အလေးထားလာရေး

ပြည်သူအားလုံးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကို ပိုမိုအာရုံစိုက် အလေးထားလာရေးအတွက် တာဝန်ရှိသူများအားလုံး၏ ညီညီညွတ်ညွတ် စေတနာရှိရှိ ပူပေါင်းလက်တွဲဆောင်ရွက်မှုတို့ကြောင့် ယခုနှစ် ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနားကို ခမ်းနားစွာ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း။

ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများကိုလည်း အထူးအစီအစဉ်များအဖြစ် ထည့်သွင်းကျင်းပနိုင်ခဲ့ခြင်းသည်မှာလည်း ဝမ်းသာစရာဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ခံများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အလှူရှင်များကိုလည်းကောင်း၊ ဆောင်းပါးနှင့် စာစီစာကုံး ပြိုင်ပွဲဝင်များကိုလည်းကောင်း ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် အခမ်းအနားကို တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံး စေတနာအရင်းခံပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရာသီဥတု မှန်ကန်ရေးအတွက် သစ်တောသစ်ပင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် နီးကြားတက်ကြွစွာ အတူလက်တွဲ ဆောင်ရွက်ကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO) အတွင်းရေးမှူးချုပ်က ပေးပို့သော ကမ္ဘာ့မိုးလေဝသနေ့ သဝဏ်လွှာကို မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစံလှသော်က ဖတ်ကြားတင်ပြပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် UNDP မှ ဌာနေညှိနှိုင်းရေးမှူး Mr. Charles Petrie က ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်များနှင့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး MICT Park ဗဟိုခန်းမ၌ ခင်းကျင်းပြသထားသည့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

မြန်မာသမိုင်းအဖွဲ့ ရွှေရတုအထိမ်းအမှတ် စာအုပ်များထုတ်ဝေ

ရန်ကုန် မတ် ၂၃

မြန်မာသမိုင်းအဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် မြန်မာသမိုင်းအဖွဲ့ဝင် ပညာရှင်ကြီးများ ပြုစုသော မြန်မာသမိုင်းဆိုင်ရာ သုတေသနစာတမ်းများကိုယနေ့အထိ အင်္ဂလိပ်ဘာသာဖြင့် ၁၅အုပ်၊ မြန်မာဘာသာဖြင့် ခြောက်အုပ် စုစုပေါင်း ၂၁အုပ် ပုံနှိပ်ထုတ်ဝေပြီးဖြစ်ရာ အုပ်ရေ ၅၀ ပြည့်သည်အထိ ဆက်လက်ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်သည်။

လေ့လာဖတ်ရှုလိုသူများ၊ ရောင်းချလိုသူများအနေဖြင့် တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန အမရဆောင် ကမာရွတ် ဖုန်း-၅၂၆၄၀၁နှင့် ၅၃၆၄၁၇ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

ကဗျာ၊ ဆောင်းပါး အညွှန်း

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုကိုဆို

* *ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်* ဦးအောင်မွန်(မဟာဝိဇ္ဇာ) ၏ ကဗျာ (စာမျက်နှာ-၇)

* ***တပ်မတော်သားများသည် အသက်စွန့်ရမည်ကို သိပါလျက် တိုင်းပြည်နှင့်လူမျိုးတို့အတွက် မိမိတို့၏အသက်ကိုပေးလှူသွားခဲ့သည်။ အခက်အခဲများကြားက ရယူထားရသည့် မြန်မာ့လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးမသွားစေရန် အသက်ပေး၍ ကာကွယ်ခဲ့ကြသည်။***
မြင့်သူရိန်၏ ***“လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်”*** ဆောင်းပါး (စာမျက်နှာ-၈-၉)

ဆက်ကပ်လှူဒါန်း

မတ် ၂၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)

မြန်မာနိုင်ငံသည် သင့်တင့်မျှတသည့် မိုးလေဝသနှင့် ရာသီဥတု ရရှိခံစားနေရသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ နိုင်ငံရေးယာ၏ ထက်ဝက်ကျော်တွင် သစ်တောနှင့် သစ်တောမြေများ ဖုံးလွှမ်းဆဲ

ရန်ကုန် မတ် ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ MICT Park အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် UNDP မှ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ National Institute of Ocean Technology (NIOT) (India) မှ ကိုယ်စားလှယ်များ၊ Japan Agency for Marine Earth Science and Technology မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

အထိမ်းအမှတ်ပြခန်း ကြည့်ရှုအားပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း MICT Park ဗဟိုခန်းမ၌ ခင်းကျင်းပြသထားသည့်ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၂၃-၃-၂၀၀၅

မင်းဘူးနှင့် မကွေး

၄၂ ဒီဂရီစင်တီဂရိတ်
(၁၀၈ ဒီဂရီဖာရင်ဟိုက်)

ဘဂျူနိုင်းဘုရင့်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် မြန်မာက ဗီယက်နမ်ကိုနိုင် ဗိုလ်လုပွဲတွင် ထိုင်းနှင့် ယှဉ်ပြိုင်ရမည်

ရန်ကုန် မတ် ၂၃

၂၀၀၅ခုနှစ် ဒုတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ကျင်းပရာ မြန်မာလူငယ် လက်ရွေးစင်အသင်းက ဗီယက်နမ် လူငယ်လက်ရွေးစင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

မြန်မာနှင့်ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားသောအကြိုဗိုလ်လုပွဲစဉ်တွင် မြန်မာလူငယ်အသင်းအတွက် ပထမပိုင်း ၂၂မိနစ်၌ ဇော်ဇော်က ပထမဂိုးကိုလည်းကောင်း၊ ဒုတိယပိုင်း ၃၉မိနစ်တွင် မျိုးမင်းထွန်းက ဒုတိယဂိုးကိုလည်းကောင်း သွင်းယူခဲ့သည်။

ထိုင်းလူငယ်အသင်းနှင့်လာအိုလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားသည့် အခြားအကြိုဗိုလ်လုပွဲစဉ်တွင် ထိုင်းလူငယ်အသင်းက လာအိုလူငယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်သွားသည်။ မိနစ် ၉၀ပြည့်သည်အထိ နှစ်ဂိုးစီသရေကျနေ၍ အချိန်ပိုကစားရာ ထိုင်းလူငယ်တို့ ရွှေဂိုးသွင်းပြီး အနိုင်ရသွားခြင်းဖြစ်သည်။

မြန်မာလူငယ်အသင်းသည် အုပ်စုအဆင့်တွင် စင်ကာပူနှင့်ဘရူနိုင်းတို့ကို ခြောက်ဂိုး-ဂိုးမရှိစီဖြင့်နိုင်ပြီး လာအိုလူငယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သည်။

ဗိုလ်လုပွဲကို မတ် ၂၅ရက်တွင် ကျင်းပမည်ဖြစ်ရာ မြန်မာလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)